# ကျောင်းပြင်ပမူလတန်းပညာရေး (ဒုတိယဆင့်) မြန်မာစာ သင်ကြားမှု

## e -learning Program

ဒေါ်အေးအေးညွန့်
လက်ထောက်ညွှန်ကြားရေးမှူး(သင်ရိုး)
ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန

# ကျောင်းပြင်ပမူလတန်းပညာရေး ဒုတိယဆင့်
# မြန်မာစာ (ဖတ်စာ) သင်ကြားမှု

(၁) အတန်း ။ ။ ဒုတိယဆင့်

(၂) ဘာသာ ။ ။ မြန်မာစာ

(၃) သင်ခန်းစာအမည် ။ ။ ကျေးညီနောင်

(၄) ရည်ရွယ်ချက် ။ ။ (၁) ပုံပြင်ဖတ်ပြီးစိတ်ဝင်စားဖွယ်ပြောပြတတ်ရန်။

(၂) ဇာတ်ဆောင်တို့အပြောစကားများအရဇာတ်ဆောင်တို့၏စိတ်နေစိတ်ထားခန့်မှန်းဖော်ပြတတ်ရန်။


(၃) ပုံပြင်ပါဇာတ်ဆောင်များနှင့်ပတ်သက်၍မိမိစိတ်တွင်ခံစားရပုံတို့ကိုဖော်ပြတတ်ရန်။

(၄) ပုံပြင်မှပေးလိုသောအဓိကအချက်များထုတ်နုတ်ဖော်ပြတတ်ရန်။


(၅) သင်ကြားချိန် ။ ။ (၄၀) မိနစ် (၈) ချိန်

(၆) သင်ထောက်ကူ ။ ။ ဖတ်စာစာအုပ်၊ဖတ်စာပါရုပ်ပုံ


(၇) သင်ကြားနည်း ။ ။ ပုံပြင်ပြောနည်း၊ သရုပ်ဆောင်ခြင်း၊ ပုံပြင်ဖြတ်ဆက်နည်း။



# ကျေးညီနောင်




## ပုံပြင်အစနိဒါန်း




- ရှေးသရောအခါ လက်ပံပင်ကြီးတစ်ပင်မှာ ကျေးညီနောင် နေထိုင်ကြတယ်။

# ပုံပြင်အလယ်

- တစ်နေ့သ၌လေပြင်းမုန်တိုင်းတိုက်ခတ်
- ကျေးညီနောင်တို့လွင့်ပါသွားကြ



ညီကျေး → သူခိုးများရွာ




အစ်ကိုကျေး → ရသေ့ကြီးကျောင်း

လွင့်ကျ နေထိုင်

တစ်နေ့မှာ ရှင်ဘုရင်ကြီးတစ်ပါး → တောကစားထွက်လာ

သူခိုးရွာမှာ → အရိပ်တွင်နားနေခိုက်



'ဘုရင်ကြီးကိုသတ်ကြ
သူဝတ်ထားတဲ့အဝတ်တွေ
ကိုချွတ်ယူကြ'


လို့

အော်ဟစ်ပြောလိုက်တဲ့အခါ ဘုရင်ကြီးက



ဒနေရာနေလို့မဖြစ်ဘူးလို့ တွေးပြီး
ထိုနေရာမှ ထွက်ခွာသွားခဲ့တယ်

ရသေ့ကြီးကျောင်းနားရောက်တဲ့အခါ



'အရှင်မင်းကြီးကြပါ။
အမောအပန်းဖြေပါ။
အေးမြတဲ့ရေကိုသောက်ပါ။
ဤသစ်သီးကိုစားပါ'

လို့

လိမ္မာ၊ ယဉ်ကျေးစွာနှုတ်ခွန်းဆက်ကြိုဆိုလိုက်တဲ့အခါ



‘အသင်ကျေးနဲ့မတွေ့ခင်
ကျေးတစ်ကောင်တွေ့ရတယ်
အသင်နဲ့မတူ၊ရိုင်းစိုင်းတယ်သင်က
တော့အလွန်ယဉ်ကျေးတယ်

လို့ပြောလိုက်တယ်

အဲဒီလိုပြောလိုက်တော့



'အရှင်မင်းကြီး
လမ်းမှာတွေ့ခဲ့တဲ့ကျေးဟာ
ကျွန်တော့်ရဲ့ညီလေးဖြစ်ပါတယ်
လေမုန်တိုင်းတိုက်လို့
တကွဲစီ၊ တစ်နေရာစီရောက်သွားတာဖြစ်တော့-
ညီလေးကရိုင်းပါတယ်။ဆရာရသေ့ထံရောက်တဲ့
ကျွန်တော်က ယဉ်ကျေးပါတယ်လို့' ပြန်ပြော
လိုက်တယ်

## ပုံပြင်မှရရှိသောအချက်

| | |
|---|---|
| လူဆိုးနဲ့နေလျှင် | ရိုင်းစိုင်းခြင်း |
| ဆရာရသေ့နဲ့နေလျှင် | ယဉ်ကျေးလိမ္မာခြင်း |
| သာဓကစကားပုံ | တံငါနားနီး တံငါ<br>မုဆိုးနားနီး မုဆိုး |

**ဒါကြောင့် ‘လူပေါင်းမှားကြရန်’**

## တတ်မြောက်မှုစစ်ဆေးခြင်းလုပ်ငန်း

- ညီနောင် ၂ ဦး အဖြစ်အပျက်အကျဉ်းပြောပြရန်။
- ညီအစ်ကိုဖြစ်သော်လည်း မတူကွဲပြားရခြင်းအကြောင်းရင်းကိုရှင်းပြရန်။
- ယဉ်ကျေးသောအသုံးအနှုန်းနှင့် ရိုင်းစိုင်းသောအသုံးအနှုန်းများကို နှိုင်းယှဉ်ဖော်ပြရန်။
- ပုံပြင်တွင်ဖော်ပြထားသောစကားပုံနှင့် ဤပုံပြင်အကြောင်းအရာတို့ ဆက်စပ်ပုံကိုရှင်းပြရန်။
- ပုံပြင်ပါစကားပုံအပြင်ဆက်စပ်မှုရှိသောအခြားစကားပုံများကိုလေ့လာ ဖတ်ရှုဖော်ပြရန်။
- ကျေးညီနောင်၏ပုံပြင်အဆုံးသတ်ကို သင့်စိတ်ကူးအတိုင်း စာ (သို့) ရုပ်ပုံ ဖြင့်ဖော်ပြပေးရန်။

# ကျေးဇူးတင်ပါသည်။